ဖြစ်တတ်သည်၊ ထို့ကြောင့် သပိတ်၌ အမှတ်သညာထား၍ (သပိတ်၌ စိတ်စိုက်၍) ဆွမ်းခံရသည်။ [ပတ္တသညီ=သပိတ်၌ သညာရှိသည် ဖြစ်၍+ပတိဂ္ဂဏှာ=ခံယူခြင်း။ ]

**သမသူပက သိက္ခာပုဒ်။** ။ကိုရင် ဗုဒ္ဓရက္ခိတ....ဇမ္ဗူဒီပ နိုင်ငံ၌ ကုလားလူမျိုး တို့သည် ပဲဟင်းကို လက်ဖြင့် ကော်ယူလျှင် ရလောက်အောင် မပြစ်မကျဲချက်၍ ထို ပဲဟင်းဖြင့် ထမင်းစားလေ့ ရှိကြ၏၊ သံဃာတော်အား လည်း ပဲဟင်းကိုပင် လောင်းလေ့ ရှိကြသည်။

ဆွမ်းခံရာ၌ ထို ပဲဟင်းမျိုးကို ခံယူသောအခါ အလွန်များစွာ မခံယူရ၊ ဆွမ်း၏ ၄-ပုံလျှင် တပုံလောက်သာ ခံယူရသည်၊ ပဲဟင်းမှ တပါးသော သားဟင်း ငါးဟင်းများကိုကား တတ်နိုင်သူတွေက လောင်းတာဖြစ်၍ အလိုရှိသလောက် ခံယူကောင်းပါသည်။ [သမ=ဆွမ်းနှင့်မျှသော+သူပက=ပဲဟင်း ရှိအောင်။ ]

**သမတိတ္ထိက သိက္ခာပုဒ်။** ။ကိုရင် ဗုဒ္ဓရက္ခိတ........သပိတ်မှာ အတွင်းနှုတ်ခမ်း အပြင်နှုတ်ခမ်း ၂-မျိုး ရှိ၏၊ အတွင်းနှုတ်ခမ်းထက် အပြင်နှုတ်ခမ်းက မြင့်သည်၊ ဆွမ်းခံသောအခါ သပိတ်၏ အတွင်းနှုတ်ခမ်းနှင့် ညီရုံသာ ခံရသည်၊ အတွင်းနှုတ်ခမ်းက ပို၍ မို့မောက် လျှံတက်နေအောင် မခံရ။ [သမတိတ္ထိက=သပိတ်၏ အတွင်းနှုတ်ခမ်းနှင့် ညီမျှသော ဆွမ်း ရှိသည်။ ]